# လွယ်မွေကျေးရွာ

# ကျိုင်းတုံမြို့နယ်

# ကျိုင်းတုံ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွယ်မွေကျေးရွာ၊ကျိုင်းတုံမြို့နယ်

(မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ခုနှစ်၊

## မာတိကာ


မာတိကာ ၁

စကားချီး ၅

လွယ်မွေကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကျိုင်းတုံမြို့နယ် ၇

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၄
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၈
(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁)လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၆၆

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
ကိုးကားစာရင်း ၇၄
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၅
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ၂၀၁၉/၂၀ဘဏ္ဍာရေးနှစ်အထိ (၅)
နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ဟွေယုတ်ကျေးရွာ၏ ကျေးရွာသူကျေးရွာသားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်ကျိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုနောင်ကာလများတွင်ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလအပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊သက်ဆိုင်ရာအစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤစီမံချက်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က) တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်း
ဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း (ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွယ်မွေကျေးရွာ

ကျိုင်းတုံမြို့နယ်

## လွယ်မွေကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကျိုင်းတုံမြို့နယ်



**ရည်ညွှန်း-**

လွယ်မွေကျေးရွာ၊လွယ်မွေကျေးရွာအုပ်စု၊ကျိုင်းတုံမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

# အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏ သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ကျိုင်းတုံ-လွယ်မွေ(၂၁)မိုင်လမ်းဆုံကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာကျိုင်းတုံမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည်တောင်ပေါ်ဒေသတွင်

ကျေးရွာ၏ တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက္မ(၅၀)မှ(၁၀၀)ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်အသင့်အတင့်အထောက်အကူပြုပါသည်။ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိသောကြောင့် ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။လယ်၊ခြံမြေများသည် စပါး၊လဘက်ထုတ်လုပ်ရန်အဓိကအားထားရာဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်များ

လယ်နှင့်ခြံမြေအသင့်အတင့်ရှိကြပြီး မြေဆီသြဇာအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။သဘာဝမိုးရေနှင့်ချောင်းရေအနည်းငယ်ကိုသာ အသုံးပြုကြပြီးစိုက်ပျိုးနိုင်သည့်ဧက(၁၂၃.၈၈)ဧကရှိပြီး စပါးနှင့်လဘက်ကိုသာအဓိကစိုက်ပျိုးကြသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၀၀)စုနှင့်နှင့်ကျား(၂၆၇)၊မ(၂၈၀)ဦးရှိပြီး လူဦးရေပေါင်း(၅၄၇)ဦးရှိပါသည်။တစ်အိမ်ထောင်လျှင်ပျှမ်းမျှ(၅.၇၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်ပိုများပါသည်။ကျေးရွာတွင်အာခါလူမျိုးအများစုနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၃.၃၆%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်က လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၀.၀၃%)မျှ ပိုများသည်။

## (ခ) စီးပွားရေးအခြေအနေ-(ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု)

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲသောအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၆၉%)သည်ဆင်းရဲသောအိမ်ထောင်စုနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်ဖြစ်ပြီးအဖြစ် ခံယူကြပြီး(၁၄%)သည်ချမ်းသာသည့်အဆင့်၊(၁၇%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။

ကျေးရွာတွင်လယ်၊ခြံမြေပိုင်ဆိုင်မှု၊လယ်ယာသုံးစက်ကိရိယာများအနည်းငယ်ပိုင်ဆိုင်မှုရှိသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်၊အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်၊အသေးစားအိမ်တွင်းမှုလုပ်ငန်းများတွင်လည်းပါဝင်ဆောင်ရွက်ကြသည်။အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေကြသည်။

ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမြင့်မားပြီး (၅၂%)ထိရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ဆန်ကြိတ်စက်၊တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများ တွင်အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည်သူ တပါးထံမှချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်းတွေ့ရှိသည်။

ကျေးရွာတွင် လူငယ်လူရွယ်များသည် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ရှိကြပြီး ယာဉ်မတော်တဆဖြစ်ပွားမှုမရှိခဲ့ပါ။

### (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်းကျန်းမာကြသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး ရွာနှင့် (၂၀)မိုင်ကွာဝေးပြီး ကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သော မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့်ဆေးဆိုင်၊ဆေးခန်းများနှင့်လည်း လက်လှမ်းမှီသည်။ကျေးရွာတွင် ရေကန်မှ သုံးရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ရေရှားပါးမှုမရှိပါ။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲကြပြီး ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသော ရောဂါဖြစ်ပွား ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိ ပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တက်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်ရှိသည်။ကျေးရွာတွင်အခြေခံပညာရေးကိုရွာထဲရှိမူလတန်း၊အလယ်တန်း၊အထက်တန်းကျောင်းခွဲ တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

### (စ) ကျား-မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်းကျေးရွာတိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၏ စံနှုန်းများအရ ကောင်းစွာ သတ် မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘူယျအားဖြင့်ပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မ အရေအတွက်မှာ ကျား အရေအတွက်ထက်နည်းနေသော်

လည်းအလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်များတွင် မ အအရေအတွက်မှာကျား အရေအတွက်ထက်ပိုများနေ၍အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများ နှင့်အတူတူပင်ဖြစ်သည်။သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများကပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပဝင်မှုတို့မှာအ လွန်အားနည်းသည်။ ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း၊ အမျိုးသမီးဆိုင်ရာအဖွဲ့အစည်းများစနစ်တကျဖွဲ့စည်းနိုင်ရေးပြင်ဆင်နေချိန်ဖြစ်သဖြင့်အဖွဲ့အစည်းနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်လဘက်ကိုအဓိကထားစိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၂၈.၇၈)ရှိပြီး သီးထပ်နှင့်နွေစပါးစိုက်ပျိုးခြင်းမရှိပါ။မိုးစပါးပျှမ်းမျှအထွက်နှုန်းမှာ(၁၉.၇၅)တင်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုကိုရရှိနိုင်မှုအားနည်းပြီး စိုက်ပျိုးရေးကုမ္ပဏီ များမရှိသည့်အတွက် ဝန်ဆောင်မှုများမရရှိနိုင်ပါ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုပေးမှသာ အလုပ်သမားများကို ဌားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်များပြားခြင်းကြောင့် အခက်အခဲများရှိပါသည်။စပါးစိုက်ခင်းများတွင် ရုံဖန်ရုံခါဖျက်ပိုးများကျရောက်တတ်ပြီး နည်းပညာအားနည်းသဖြင့် စနစ်တကျသုံးစွဲမှုအားနည်းသဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကိုလားနေကြသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာတစ်ရွာလုံး၏ (၃%)ဝန်းကျင်သာရှိပြီး ဒေသမှဝက်များကိုမွေးမြူကြသည်။ဒေသကြက်မွေးမြူသည့်အိမ်ထောင်စုလည်းတစ်ရွာလုံး၏ (၆%) ခန့်ရှိပြီးဈေးကွက်တွင်ဝယ်လိုအားရှိသည်။ရာသီအလိုက်ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများ အထူးသဖြင့်ကြက်လည်လိမ်ရောဂါသည်အဖြစ်များပြီးရောဂါကြောင့် သေဆုံးပျက်စီးမှုများတတ်သည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှရရှိသော်လည်းဝန်ထမ်းမလုံ လောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာတွင် အဟန့်

အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ်ချေးငွေကို အလွယ်တကူမရှိ နိုင်ကြပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနည်းငယ်ရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများ နေ့စားအလုပ်များ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းများမှာ ရာသီအလိုက် ဝင်ငွေရရှိ မှုမှာ အနည်းငယ်မှအတော်အသင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားအလုပ်များမှာ စိုက် ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားပြီး ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးမှုနှင့် ဝင်ငွေရရှိမှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ထဲတွင် သက်မွေးဝမ်းကျောင်းသင်တန်းများကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာပန်းထိုး၊ ဆံပင်လှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ ဝပ်ရှော့စသည့် လုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သော်လည်း ရွာသားအများအနေဖြင့် အဆို ပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။

လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်သမဝါယမဘဏ်မှလွဲ၍အခြားဘဏ်များ ပြင်ပမှငွေကြေးအဖွဲ့အစည်းများမှငွေချေးသုံးစွဲကြခြင်းမရှိပါ။

ကျေးရွာသားများသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက် အထူးသဖြင့် ပညာရေးနှင့်အထွေထွေပစ္စည်းများဝယ်ယူရေးအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်အသင့်အတင့်များပြားကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင်းအကြွေးထားရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည် အချို့အကြွေးယူထားကြပြီး အကြွေးငွေ (၂)သိန်းကျပ်မှ(၆)သိန်းအထိချေးယူထားကြောင်းတွေ့ရှိရသည်။ထိုအိမ်ထောင်စုများ၏ (၉၇%)သည်အကြွေးငွေ(၄)သိန်းအောက်ချေးယူထားပြီး (၃%)သည် (၄)သိန်းအထက်ချေးယူထားကြောင်းတွေ့ရှိခဲ့ပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူကြိုဆောင်အလျား၃ဂပေ၊အနံ၃ဂပေ၊အမြင့်၁၂ပေရှိသောသွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်၊မူလတန်းအလျား၁၄ဂပေ၊အနံ၃ဂပေ၊အမြင့်၂၄ပေ ရှိသောသွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေခင်းဖြင့်နှစ်ထပ်ကျောင်းဆောင်ဖြင့်ပညာသင်ကြားပေးသည်။မူလတန်းအောင်ရာခိုင်နှုန်းအသင့်အတင့်ရှိသည်။ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းသည်ကျေးရွာရှိမူလတန်းအရွယ်အရည်အတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင်(၉)နှစ်၊အလယ်တန်းတွင်(၁၄) နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးရပ်ကွက်မှကျောင်းသားများတက်ရောက်နေကြခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင်ပရိဘောဂလုံလောက်မှုရှိသော်လည်း ဟောင်းနွမ်းနေကြောင်းတွေ့ရှိရသည်။အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး၏ တင်ပြချက်အရ ဆရာ/ဆရာမ လုံလောက် မှုမရှိသဖြင့်မူလတန်း(၂)ဦး၊အလယ်တန်း(၂)ဦးဖြည့်ဆည်းပေးရန်လိုအပ်ကြောင်းနှင့်ရရှိနိုင်ပါကခန့်ထားေပေးစေလိုကြောင်းသိရသည်။ ယခုနှစ်ကျောင်းဖွင့် ရာသီတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသား/သူများတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များ ကိုအခမဲ့ပံ့ပိုးပေးခဲ့သည်။ ကျောင်းတွင်မူလတန်းပြဆရာမ(၆)ဦး၊အလယ်တန်းတွင်ဆရာမ(၁၁) ဦး နှင့် ဆရာ(၁)ဦးတို့ရှိပြီး ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိပါသည်။

ကျေးရွာတွင်တိုက်နယ်ဆေးရုံရှိသဖြင့် အနီးဝန်းကျင်ရှိကျေးရွာများမှရွာသူ/သားများအတွက်ပါ ကျန်းမားရေးဝန်ဆောင်မှုတို့နှင့်လက်လှမ်းမီသည်။ ကျိုင်းတုံမြို့သည်လျှပ်စစ်မီးရရှိသာကြောင့်အအေးခန်းဖြင့်သိုလှောင်ရန်လိုအပ်သော ဆေးများအတွက်ရေခဲ သုံးပြီးသိုလှောင်ထားနိုင်သည်။

သောက်သုံးရေအတွက်စိမ့်စမ်းရေကိုအသုံးပြုပြီး၊သုံးရေအတွက်ရေကန်ရေကိုသုံးစွဲကြပြီးလုံလောက်မှုရှိသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်သာကိုဆောက်လုပ်သုံးစွဲကြသဖြင့် ယင်ကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှု နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီးကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာရှိလူငယ်များအတွက်အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။လူငယ်များသည်လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် ပါဝင်ဆင်နွဲကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ထားခြင်းမရှိသေးပါ။

## (ဇ) အခြေခံအဆောက်အဦ-(လက်လှမ်းမှီရယူမှု)၊လမ်း၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(၁)မိုင်ခန့်အရှည်ရှိသော ကတ္တရာလမ်းကို ၂၀၁၄ခုနှစ်က လမ်းဦးစီးဌာနမှခင်းပေးခဲ့သည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် ကား(၁၇)စီး မော်တော်ဆိုင်ကယ်(၉၃)စီးနှင့်စက်ဘီး(၆)စီးနှင့်ထော်လာဂျီ(၁)စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

ကျေးရွာတွင်လျှပ်စစ်မီးကို ၂၀၁၅ခုနှစ်မှစတင်၍ သွယ်တန်းထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံးနှင့်ဆက်စပ်ကျေးရွာ(၃)ရွာများ အသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာအသုံးပြုနိုင်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ဖတ်ရှုသူအားနည်းကာ သတင်းစာဂျာနယ်တို့ကိုလည်း(၂၀)ဦးခန့်သာဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းဖြင့်သတင်းဆက်သွယ်ရေးမှာကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်အဆင်ပြေချောမွေ့ပါသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ် အတွက်ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိသဖြင့်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ရေးဆွဲထားခြင်းမရှိပါ။ကျေးရွာမှသည် ကျိုင်းတုံရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင်လျှပ်စစ်မီးကို (EPC)မှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့်ထမင်း၊ ဟင်းချက်ပြုတ်နိုင်ခြင်း မရှိသော်လည်း ည(၁၈:၃၀)နာရီမှ(၂၁:၀၀)နာရီအချိန်ထိ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းနှင့်လူနေမှုအဆင့်အတန်းမြင့်မား လာရေးအတွက်အထာက်အကူဖြစ်ပါသည်။ပညာတတ်ဘွဲ့ရများရှိပြီးလူဦးရေ၏(၆၃.၃၆%)မှာအလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်သည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး လူငယ်များအား ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လေ့ကျင့်ပေးခြင်းဖြင့် လူငယ်အရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာ လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့်စိုးရိမ်ရသော ဆေးဝါးကုသရန်အတွက် ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ကုသမှုများခံနိုင်ကြသည်။

ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့်ကောင်းသောအဆင့်တွင်ရှိသည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ရောင်းချရန်ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့် ကြက်နှင့်ဝက်နှင့်နွားကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းကောင်းသည်။သို့သော်မွေး/ကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်းတိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြ သည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ် ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားအပ အခြားသယံဇာတပစ္စည်းများမထွက်ရှိပါ။လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင်သာအားစိုက်ကြရသည်။

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနည်းငယ်ရှိသော်လည်း အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိနိုင်ရေးအတွက် အကန့်အသတ်ရှိနေသည်။ဒေသတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများရှိသော်လည်း ကုန်ချောထုတ်စက်ရုံ(အသေးစား/အလတ်စား)များနှင့်နည်းပညာများလိုအပ်နေသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချထားပါသည်-

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့်ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည်အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စု များဖွဲ့စည်းပြီးကျေးရွာအခြေပြုအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

**(ခ) နည်းဗျူဟာ**

ကျွန်ုပ်တို့ရွာလူထုသည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအတိုင်း အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(ခ-၁) ကျေးရွာတွင်အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေ ချေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရေး အခြား နေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများထွန်းကားလာစေရန် အတွက်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှတဖန် ရရှိလာသော နည်းပညာများကို ကျေးရွာတွင် ပြန်လည်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်းကိုယ် ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုကိုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည်အပ်ချုပ်၊ဇာပန်းထိုး၊ဆံပင်လှပြင်၊ယိုနှင့်မုန့်လုပ်နည်း၊စက်ပြင်မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ ဝပ်ရှော့စသည့်သင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သောသင်တန်းသားများကိုတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်ချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းများချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင်ကတ္တရာလမ်းခင်းရန်ကျန်ရှိသည့်လမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အဦများကို အသုံးပြုရန်နှင့်စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်ပေးမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှကူညီဖြေရှင်းပေးရမည့်များ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအားနိုင်

ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန်နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်းနှင့်နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးအချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးရေး၊သစ်တော၊လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းနှင့်ဆည်မြောင်းဦးစီးဌာနများ

ကျေးရွာစပါးနှင့်လဘက်ကိုသာအဓိကစိုက်ပျိုးကြသည်။တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှဝန်ဆောင်မှုများကို အနည်းငယ်ရသော်လည်း စိုက်ပျိုးရေးထွက်ကုန် များရောင်းချသည့် ပု အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်သည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက်လိုအပ်သော ချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် တောင်သူများနှင့်ခြံလုပ်ငန်းလုပ်ကိုင်သူများအတွက် အသင့်အတင့်သောချေးငွေကိုလိုအပ်ပါသည်။

## (ဃ) ကျေးလက်သေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းရရှိရန်အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။သို့သော်ငင်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်တစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊လက်မှုလုပ်ငန်း )အတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျေးရွာတွင် ကုန်ကြမ်း များရှိသော်လည်း ကုန်ချောထုတ်အသေးစားစက်ရုံငယ်များရှိလာပါက လူငယ်နှင့်အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်လမ်းရရှိလာနိုင်ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး

အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့်တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် (၅) နှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက(၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိပါ။ကျေးရွာလူထုသည်(၂)နှစ်၊(၃) နှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားသော်လည်း (၅)နှစ်တာကာလ တစ်လျှောက်လုံး တွင်နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားပါမည်။ ထို့ကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်၊ကဲ့သို့ ထိခိုက်စရာ များမပေါ်ပေါက်ခဲ့ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုး လာမည့် စီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်(၅)နှစ်တာ ကာလကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွား ကြပါမည်။

### (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) –ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classifi - cation) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**လွယ်မွေကျေးရွာ၊ကျိုင်းတုံမြို့နယ်၏ဦးစားပေးစီမံချက်အခြေပြဇယား**

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ***အုပ်ချုပ်ရေးကဏ္ဍ*** | | | | |
| အုပ်ချုပ်ရေးကဏ္ဍ တိုး တက်မှု | ၁။မူးယစ်ဆေးဝါးကင်းစင်ရေး | ၉၆ | ၁ | -မူးယစ်ဆေးဝါးပညာပေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ခြင်း<br>-စီးနင်းခြင်း၊ဖမ်းဆီးခြင်း၊ဖမ်းဆီးအရေးယူခြင်း |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | |
| အခြေခံအဆောက်အဦးနှင့်နည်းပညာသင်တန်း | စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေးနှင့်ဝန်ဆောင်မှုရရှိရေး | ၈၁ | ၃ | -စိုက်ပျိုးရေးသွင်းအားစုများဆက်သွယ်မှုရရှိရန်<br>-ဈေးကွက်နှင့်သတင်းချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း<br>-မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း<br>-စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ)<br>-ဈေးကွက်ဆန်းစစ်ခြင်းနှင့်တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်သို့တက်လှမ်းခြင်း |
| ***မွေးမြူရေးကဏ္ဍ*** | | | | |
| ဈေးကွက်နှင့်နည်းပညာသင်တန်း | မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုရရှိရေး | ၆၀ | ၁၂ | -ဈေးကွက်သဘောတရားနားလည်မှုစွမ်းရည်မြှင့်တင်ရေး<br>-ကုန်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အားနားလည်မှုစွမ်းရည်မြှင့်တင်ရေး |
| အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း | ၄။အလုပ်အကိုင်အခွင့်အလမ်းဖန်တီးခြင်း | ၇၆ | ၅ | -Basiness Development သင်တန်းများနှင့်ဈေးကွက်ဆိုင်ရာနည်းပညာသင်တန်းများပေးခြင်း<br>-ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းပညာများပေးခြင်း(အလုပြင်၊မုန့်လုပ်၊စက်ပြင်၊ဆိုင် |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | | ကယ်ပြင်) |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းများကဏ္ဍ** | | | | |
| ကုန်ချောထုတ်နည်း ပညာရရှိရေး | ၅။ကုန်ချောထုတ်စက်ရုံတည်ဆောက်ပေးခြင်း | ၆၂ | ၁၁ | -ကုန်ချောထုတ်နည်းပညာရရှိရေး<br>-ကုန်ချောထုတ်(အသေးစား/အလတ်စား)စက်ရုံ တည်ဆောက်နိုင်မည့် အစိုးရ/ပြင်ပအဖွဲ့အစည်း များနှင့်ချိတ်ဆက်ပေးခြင်း |
| ကလေးပညာရေးဖွံ့ ဖြိုးရေး | ၆။ထိရောက်သည့်ပညာရေးဝန်ဆောင်မှုဆောင်ရွ က်ခြင်းရရှိရန် | ၇၁ | ၇ | -ကလေးအားကစားကွင်းတည်ဆောက်ပေးခြင်း<br>-အငီစီတွင်း(၁)တွင်းတူးဖော်ပေးခြင်းနှင့် ရေသန့် များတပ်ဆင်ပေးခြင်း |
| **ကျန်းမာရေးကဏ္ဍ** | | | | |
| ကျန်းမာရေးတိုးတ က်လာစေရေး | ၇။ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ခြင်းရရှိရန် | ၄၇ | ၁၄ | -တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းပြည့်စုံ စွာရရှိရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချိတ် ဆက်ခြင်း<br>-ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြု လုပ် ခြင်း<br>- အငီစီတွင်း(၁)တွင်းတူးဖော်ပေးခြင်းနှင့် ရေသန့် များတပ်ဆင်ပေးခြင်း |
| **ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ** | | | | |
| သောက်သုံးရေလုံ လောက်စွာရရှိရေး | ၈။ကျေးရွာ၏သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေး | ၆၃ | ၁၀ | -ရွာလူထုထံမှပူးပေါင်းပါဝင်မှုရယူခြင်း<br>-ကန်ရေအား သောက်ရေအဆင့်မြှင့်တင်ပေးရန် ဆောင်ရွက်ပေးခြင်း<br>-စိုက်ပျိုးရေရရှိရန်ရေထွက်များရှာဖွေ၍ ရေမြောင်း/ပိုက်သွယ်တန်းခြင်းဆောင်ရွက်ပေးရန် |
| **လမ်းပန်းဆက်သွယ် ရေး** | | | | |
| လမ်းတံတားကောင်း | ၉။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန် | ၆၅ | ၈ | -ကျေးရွာတွင်းလမ်းများအားကတ္တရာခင်းခြင်း |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| မွန်လာစေရေး | အောင်ဆောင်ရွက်ခြင်း | | | -လမ်းဘေးရေမြောင်းများတူးဖော်ပေးခြင်း<br>-လမ်းတိုးချဲ့ခင်းပေးခြင်း |
| လျှပ်စစ်ဓါတ်အား သုံးစွဲရေး | | | | |
| လျှပ်စစ်မီးရရှိရေး | ၁၀။လျှပ်စစ်မီးလုံလောက်စွာရရှိရေး | ၈၅ | ၂ | -ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>-မီးအားလက်ရှိ(၂:၃၀)ထက်ပိုပေးနိုင်ရေးမြို့နယ် လျှပ်စစ်ဌာနနှင့်ချိတ်ဆက်ခြင်း<br>-(၂၄)နာရီ မီးရရှိလိုခြင်း |
| လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား | | | | |
| လူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရေး | ၁၁။အားကစား ဖွံ့ဖြိုးရေးရရှိရန် | | | -အားကစားကွင်းများတည်ဆောက်ပေးရန်<br>-အား/ကာပညာသင်တန်း |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၂။သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးခြင်း | ၇၇ | ၄ | -ပလပ်စတစ်အမှိုက်များစနစ်တကျစွန့်ပစ်ခြင်း<br>-သစ်ပင်များခုတ်လှဲခြင်းအားတားဆီးခြင်း<br>-သစ်တောပြုန်းတီးခြင်းကြောင့် သဘာဝဘေးကျရောက်နိုင်ကြောင်းအသိပညာပေးခြင်း<br>-ထင်း/မီးသွေးများအားစနစ်တကျသုံးစွဲစေခြင်း |
| | | | | |
| | ၁၃။အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုရရှိရန် | ၇၄ | ၆ | -အမျိုးသမီးရေးရာကော်မတီများဖွဲ့စည်းပေးခြင်း<br>-မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းပေးခြင်း<br>-အမျိုးသမီးများနှင့်ပတ်သက်သည့်ပညာရေးအစီအစဉ်များဆောင်ရွက်ပေးခြင်း |
| ဟိုတယ်/ | | | | |
| | ၁၄။ဟိုတယ်/ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေး | ၅၇ | ၁၃ | -ပြည်တွင်း/ပ ခရီးသွားများစိတ်ဝင်စားမည့် နေရာ |

| ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ | စီမံချက် | စုစုပေါင်း | အဆင့် | စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ဝန်ဆောင်မှုရရှိရန် | | | များဖန်တီးပေးရန် (ပန်းခြံ၊တိ<br>-ဟိုတယ်/တည်းခိုခန်းများဆောက်လုပ်ဖွင့်လှစ်<br>ထားရှိရန် |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | မူးယစ်ဆေးဝါးကင်းစင်ရေး | ၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | လျှပ်စစ်မီးရရှိရေး | ၂ | ✔ | ✔ | ✔ | | |
| ၃ | စိုက်ပျိုးရေးနည်းပညာနှင့်ဝန်ဆောင်မှုရရှိရေး | ၃ | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | အလုပ်အကိုင်အခွင့်လမ်းဖန်တီးခြင်း | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုရရှိရန် | ၆ | ✔ | ✔ | ✔ | | |
| ၇ | ထိရောက်သည့်ပညာရေးဝန်ဆောင်မှုရရှိရန် | ၇ | ✔ | ✔ | ✔ | ✔ | |
| ၈ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၈ | ✔ | ✔ | ✔ | | |
| ၉ | အားကစားကဏ္ဍဖွံ့ဖြိုးရေးရရှိရန် | ၉ | ✔ | ✔ | ✔ | | |
| ၁၀ | စိုက်ပျိုးရေရရှိရေး | ၁၀ | | ✔ | ✔ | | |
| ၁၁ | ကုန်ချောစက်ရုံတည်ဆောက်ခြင်း | ၁၁ | | ✔ | ✔ | | |
| ၁၂ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုရရှိရေး | ၁၂ | | ✔ | ✔ | ✔ | |
| ၁၃ | ဟိုတယ်/ခရီးသွားလာမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုရရှိရန် | ၁၃ | | ✔ | ✔ | ✔ | |
| ၁၄ | ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ခြင်းရရှိရန် | ၁၄ | ✔ | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော

ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | မူးယစ်ဆေးဝါးကင်းစင်ရေး | | | | | |
| ၂ | လျှပ်စစ်မီးရရှိရေး | | | | | |
| ၃ | စိုက်ပျိုးရေးနည်းပညာနှင့်ဝန်ဆောင်မှုရရှိရေး | | | | | |
| ၄ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်း | | | | | |
| ၅ | အလုပ်အကိုင်အခွင့်လမ်းဖန်တီးခြင်း | | | | | |
| ၆ | အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုရရှိရန် | | | | | |
| ၇ | ထိရောက်သည့်ပညာရေးဝန်ဆောင်မှုရရှိရန် | | | | | |
| ၈ | လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | | | | | |
| ၉ | အားကစားကဏ္ဍဖွံ့ဖြိုးရေးရရှိရန် | | | | | |
| ၁၀ | စိုက်ပျိုးရေရရှိရေး | | | | | |
| ၁၁ | ကုန်ချောစက်ရုံတည်ဆောက်ခြင်း | | | | | |
| ၁၂ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုရရှိရေး | | | | | |
| ၁၃ | ဟိုတယ်/ခရီးသွားလာမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုရရှိရန် | | | | | |
| ၁၄ | ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ခြင်းရရှိရန် | | | | | |

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ရပ်မိရပ်ဖအဖွဲ့ကကျေးရွာဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်း/အထက်တန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ ရပ်မိရပ်ဖအဖွဲ့ကလည်းကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်လမ်းဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့ခွဲ၏

တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထား ဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေ များကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
  မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ

(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ကျေးရွာ၏ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအားဆန်းစစ်လေ့လာခြင်းမှသည်ဖြစ်နိုင်ချေရှိသည့်ဖြေရှင်းနည်းဆီသို့**

| အခက်အခဲ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်း လမ်း | အဆိုပြုစီမံကိန်း/လုပ်ငန်းရပ် |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှုကဏ္ဍ** | | | | | |
| အစည်းအဝေးခေါ်ရခက်ခဲ | ဦးဆောင်သူများကိုအားကိုးယုံကြည်ပြီးခိုင်းလျှင်နောက်ကပိုင်းလုပ်ပေါ်လည်းဝင်ရောက်ဆုံးဖြတ်လုပ်ကိုင်လေ့မရှိ | ဝိုင်းဝန်းလုပ်ကိုင်လေ့ရှိ | ဘာသာစကားအခက်အခဲ | မြို့နှင့်ချိတ်ဆက်မှုပိုအားကောင်းစေရန်လုပ်ဆောင် | အခါနှင့်မြန်မာနှစ်ဘာသာဖြင့်စီမံအုပ်ချုပ်မှု၊ဖွံ့ဖြိုးမှုစွမ်းဆောင်ရည်တည်ဆောက်သည့်အစီအစဉ် |
| | ပြင်ပကလာရောက်သည့်အဖွဲ့အစည်းများဖြင့်ပြုလုပ်သည့်အစည်းအဝေးများတွင်ဘာသာစကားအခက်အခဲကြောင့်ပါဝင်မှုအားနည်း။ | ပညာတတ်လူငယ်အရေအတွက်တိုးလာပြီးငင်းတို့ကဘာသာပြန်ပေးနိုင် | ပညာတတ်လူငယ်တို့အတွက်ရွာတွင်အလုပ်အကိုင်မရှိ | လူငယ်များအားရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပိုမိုပါဝင်စေခြင်း | |
| **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| လယ်/တောင်ယာအထွက်နှုံးနဲ | မြေဆီမြေသြဇာမကောင်း၊စိုက်ပျိုးရေးနည်းပညာဗဟုသုတအားနည်း | သစ်ရွက်ဆွေးနှင့်တိရိစ္ဆာန်စွန့်ပစ်ပစ္စည်းရနိုင် | မွေးမြူသည့်ကောင်ရေအကန့်အသတ်ရှိနေသောကြောင့်အမြောက်အများမရနိုင် | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဖြင့်ချိတ်ဆက်နိုင် | စိုက်ပျိုးရေးနည်းပညာတိုးတက်ရေးအစီအစဉ် |
| လုပ်အားခများပြီးအမြတ်နည်း | ရေရနောက်ကျလျှင်စိုက်ချိန်နောက်ကျလေ့ရှိ။သဘာဝမြေသြဇာသုံးစွဲမှုမရှိ၊<br>အခြားရေရရှိနိုင်သောနေရာအနီးတွင်မရှိ | သီးလှည့်စိုက်စနစ်ကျင့်သုံး | | ရေအလေအလွင့်မရှိအောင်ဝိုင်းဝန်းကြီးကြပ်။ | |
| **မွေးမြူရေးကဏ္ဍ** | | | | | |

| အခက်အခဲ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်း လမ်း | အဆိုပြုစီမံကိန်း/လုပ်ငန်းရပ် |
|---|---|---|---|---|---|
| အသေအပျောက်များ၊ရော<br>ဂါအဖြစ်များ | မွေးမြူရေးနည်းပညာနှင့်ဗဟုသုတ<br>နည်းပါး။ဘာသာစကားအခက်အခဲ<br>ကြောင့်ဌာနများကိုဝင်ထွက်ရန်တုံ့<br>နှေး | အခါရိုးရာအစီအရင်<br>ဖြင့်လုပ်ဆောင်လေ့<br>ရှိ။မိတ်ဆွေများထံေ<br>ေမြန်းပြီးဆေးထိုး | မိတ်ဆွေများထံ<br>မှသိရသော်လ<br>ည်းယုံကြည်စိ<br>တ်နည်းပါးနေ<br>သေး | မြန်မာစကားပေါက်<br>သူကိုကိုယ်စားလှယ်<br>ထားပြီးဆက်သွယ်ခြ<br>င်း | မြို့နယ်တိ/ကုဦးစီးဌာနကိုမွေးမြူ<br>ရေးအကြောင်းလာရောက်ဟောေ<br>ြောပေးရန်ဖိတ်ကြားခြင်း |
| အရင်းအနှီးမတတ်နိုင် | ကာကွယ်ဆေးမထိုး(မည်သည့်ဆေ<br>းထိုးရမည်မှန်းမသိ) | အစိုးရတိ/ကုဌာနမှ<br>အကူအညီတောင်းခံ<br>နိုင် | တိ/ကုခေါ်ဘူးေ<br>ော်လည်းမလ<br>ာဘာသာစက<br>ားမပေါက်<br>တိရစ္ဆာန်ခေါ်ေ<br>ောင်သွားရန်<br>ယဉ်ကားခက်ခဲ | | မွေးမြူရေးချေးငွေ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်း** | | | | | |
| စပါးအရက်ချက်လုပ်ငန်း | | | | | |
| လုပ်ငန်းမချဲ့နိုင် | အရင်းအနှီးမရှိ | ရေလိုအပ်၊<br>စပါးလိုအပ် | ရေအခက်အခဲ<br>ထင်းအများကြီ<br>းလိုအပ်နိုင် | အနည်းငယ်ဝေးသေ<br>ာ်လည်းရေအမြဲရ<br>နိုင်သောနေရာရှိ | |
| ကျိုင်းတုံဘုံဆိုင်များက<br>သောက်သုံးသူပေါ်မူ<br>တည်ပြီးအချိန်တိုင်းမယူ | ဈေးကွက်မချဲ့ထွင်နိုင်<br>အခါရိုးရာအရက်အနေဖြင့်တံဆိပ်<br>တပ်ရန်စိတ်ထက်သန် | ချဲ့ထွင်ရန်စိတ်ဝင်စာ<br>း။ | | အရင်းအနှီးထည့်ဝင်<br>မည့်သူများဖြင့်ချိတ်<br>ဆက်။အခါရိုးရာအရ<br>သစ်တောထိန်းသိမ်း<br>ထား | ကျေးရွာဘုံအရက်ချက်လုပ်ငန်း |
| **အခါရိုးရာအထည်ရက်လုပ်ငန်း** | | | | | |
| အရင်းအနှီးမရှိ | ထည့်ဝင်ငွေနည်းပါး။ | ဈေးကွက်ရှိ | ချည်ကိုနှစ်လုံး<br>ယူတစ်လုံးရက် | အရင်းအနှီးထည့်ဝင်<br>နိုင်မည့်သူရှာဖွေ။စုေ | ရိုးရာအထည်ရက်လုပ်ငန်းချေငွေ။ |

| အခက်အခဲ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | အဆိုပြုစီမံကိန်း/လုပ်ငန်းရပ် |
|---|---|---|---|---|---|
| | | | နေရ | ေါင်းလုပ်ငန်းအဖြစ်ဦးဆောင်ပေးနိုင်မည့်အခါရေးရာကျွမ်း၏ကျင်သူဦးမင်းညိုစသူတို့ ဖြင့်ချိတ်ဆက်ရန် | |
| ဒီဇိုင်းမဆန်းသစ် | နည်းပညာဗဟုသုတနည်းပါ။ | ရိုးရာအထည်ရက်နည်းပညာတတ်မြောက်သူအမျိုးသမီးများရှိ | ဘာသာစကား | မြန်မာစကားပေါက်သူအမျိုးသမီးငယ်များရှိ | ဒီဇိုင်း၊စက်ချုပ်သင်တန်း |
| **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| ရွာအဂင်လမ်းမကောင်း၊ချိုင့်ခွက်များ၊ဖွက်ထ | လမ်းနှင့်တံတားများတည်ဆောက်ခဲ့သည်မှာ၄နှစ်ကျော်ရှိခဲ့ပြီးတည်ဆောက်စဉ်ကနည်းပညာဗဟုသုတနည်းပါးသောကြောင့်လမ်းဘက်တွင်ရေများပြီးရေလျှံ၊သဲလျှံပြီးမိုးတွင်းရေများချိန်သွားလာ၍မရ | သံချောင်းများထည့်ပြီးဆောက်လျှင်ပိုမိုခိုင်မာနိုင်။သဲ၊ကျောက်အလွယ်တကူရနိုင်၊လူလုပ်အားပေးနိုင် | နည်းပညာနှင့်ငွေကြေးအခက်အခဲ | န.တ.လ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ထံချိတ်ဆက်တင်ပြခြင်း။လမ်းနှင့်ဆက်ဆိုင်သောအခါ၂ရွာနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း | ဟွေယုတ်ရွာအဂင်လမ်းပြုပြင်ခြင်း |
| ပန့်လော့ချောင်းကူးတံတားမရှိ | | လမ်းတစ်လျှောက်အခါရွာများနှင့်သက်ဆိုင်သောကြောင့်ပူးပေါင်းဆောင်ရွက်နိုင် | | န.တ.လ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ထံချိတ်ဆက်တင်ပြခြင်း။လမ်းနှင့်ဆက်ဆိုင်သောအခါ၄ရွာနှင့်ပူ | ဟွေယုတ်-နောင်လင်တံတားပြုပြင်ခြင်း နမ့်မော်အောက်ချောင်းတံတားပြုပြင်တိုးချဲ့ခြင်း |

| အခက်အခဲ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်း | အဆိုပြုစီမံကိန်း/လုပ်ငန်းရပ် |
|---|---|---|---|---|---|
| | | | | းပေါင်းလုပ်ဆောင်ခြင်း | |
| **ပညာရေးကဏ္ဍ** | | | | | |
| စာသင်ဆောင်မရှိ | မူလွန်ဖြစ်လာပြီးနောက်ကျောင်းသားဦးရေတိုးလာခြင်း၊ဂန်ထမ်းများတိုးလာရှိခြင်း (ထပ်မံတိုးလာဖွယ်ရှိခြင်း) | ကျောင်းသား/ဂန်ထမ်းအင်အားတိုးလာခြင်း | ရန်ပုံငွေမရှိ | | |
| ဂန်ထမ်းအိမ်ယာမရှိ | | လူ-လုပ်အားပေးနိုင်ခြင်း၊ | မိဘများကမတတ်နိုင် | | |
| စာသင်ခုံမလုံလောက် | | အုတ်၁၀၀၀၀ကျော်ရိုက်ထားပြီးဖြစ်၊ သဲကြိမ်းရနိုင် | | | |
| ကျန်းမာရေးကဏ္ဍ | | | | | |
| ရွာနှင့်အနီးတစ်ဝိုက်ရွာများတွင်ဆေးခန်းမရှိ၊ကျန်းမာရေးဂန်ထမ်းမရှိ | ဌာနကချမပေးသောကြောင့်ဖြစ်နိုင် | မြေနေရာရှိ၊သဲကြိမ်းရှိလူလုပ်အားပေးနိုင် | ဌာနနှင့်မည်သို့ချိတ်ဆက်ရမည်မသိဖြစ်နေ | အုပ်ချုပ်ရေးပိုင်းမှဦးဆောင်ကာအခြားအခါရွာများကဦးဆောင်သူများနှင့်ပူးပေါင်းပြီးသက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့ဆက်လက်တင်ပြလုပ်ကိုင်နိုင်သည်။ | ကျေးလက်ဆေးပေးခန်းရရှိရေးကျန်းမာရေးဦးစီးဌာနသို့တင်ပြခြင်း |
| အုပ်စုတွင်ရှိသော်လည်းလမ်းပန်းဆက်သွယ်ရေး | ဝေးလံပြီးလမ်းမကောင်း | အုပ်စုနှင့်ဝေးသောကြောင့်တင်ပြပါက | | | |

| အခက်အခဲ | အကြောင်းရင်း | အခွင့်အလမ်း | အဟန့်အတား နှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်း လမ်း | အဆိုပြုစီမံကိန်း/လုပ်ငန်းရပ် |
|---|---|---|---|---|---|
| ခက်ခဲ | | ေးခန်းရနိုင်သည့် အလားအလာရှိခြင်း ၊ အနီးတစ်ဝိုက်ရှိအခါ ၅ရွာနှင့်ပူးပေါင်းဆေ ာင်ရွက်နိုင်ခြင်း | | | |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း
လမ်းညွှန်စာအုပ်၊၂၀၁၅၊မေ၊

၂။ ကျိုင်းတုံမြို့နယ်၊ဟွေယုတ်ကျေးရွာတွင်၂၀၁၅ဇူလိုင်လတွင်ကျင်းပခဲ့သောကျေးရွာ အခြေ
အနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

၄။ www.google.com/wikipedia/Mongmit

# အပိုင်း (ခ)စီမံကိန်းဆိုင်ရာအချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

<table>
<tr><td colspan="2">ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး / ပြည်နယ် -</td></tr>
<tr><td colspan="2">စီမံကိန်းအမည် -</td></tr>
<tr><td colspan="2">စီမံကိန်းဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)</td></tr>
<tr><td colspan="2">စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">စီမံကိန်းကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

<table>
<tr><th rowspan="2">အကျိုးခံစားသူဦးရေ</th><th colspan="3">လူဦးရေ</th><th colspan="5">ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)</th></tr>
<tr><th>ကျား</th><th>မ</th><th>ပေါင်း</th><th>၁</th><th>၂</th><th>၃</th><th>၄</th><th>ပေါင်း</th></tr>
<tr><td>ကျေးရွာအဆင့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>အကျိုးခံစားမည့်ဦးရေ</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="9">မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄</td></tr>
</table>

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)၊အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ |